Message Four

## အသက်ပင်၏ အစိတ်အပိုင်းဖြစ်လာရန် ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရခြင်း

ဖတ်ရန်ကျမ်း။ ။ က၂း၉။ ၁ကော၆း၁၇။ ရော၁၁း၁၇၊ ၂၄။ ယော၁၅း၁၊ ၄-၅

**I. သမ္မာကျမ်းစာ၌ ဘုရားသခင်က လူနှင့်အတူ ရရှိလိုသော ဆက်နွယ်မှုမှာ ကိုယ်တော်နှင့် လူသည် တစ်လုံးတစ်ဝတည်းဖြစ်ရန် ဖြစ်ကြောင်း ဖွင့်ပြထားသည် - ၁ကော၆း၁၇။**

A. ကျွန်ုပ်တို့သည် သမ္မာကျမ်းစာထဲသို့ လာသောအခါတိုင်း၊ အလေ့အလာတစ်ခု - ဘုရားသခင်သည် ကိုယ်တော်၏ရွေးချယ်ခံလူများနှင့်အတူ တစ်လုံးတစ်ဝဖြစ်လိုကြောင်း မူအလေ့အလာ - ကို လေ့ကျင့်လုပ်ဆောင်ရန် လိုအပ်သည် - ယော၁၄း၂၀။

B. ဘုရားသခင်၏အဓိက ရည်ရွယ်ချက်မှာ မိမိကိုယ်တော်တိုင်ကို လူနှင့်အတူ တစ်လုံးတစ်ဝဖြစ်ရန်၊ လူကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်ရန် ဖြစ်သည် - ဧ၄း၄-၆။

C. ဘုရားသခင်က ဘုရားဆိုင်ရာအသက်နှင့် လူသားအသက်သည် တစ်ခုတည်းသော အသက်ဖြစ်လာရန် ပေါင်းစည်းဆက်နွယ်စေဖို့ အလိုတော်ရှိသည်။

D. ဘုရားသခင့်စီမံကိန်း၏ အလယ်ဗဟို လမ်းကြောင်းသည် ဘုရားသခင်နှင့်လူ၊ လူနှင့် ဘုရားသခင်အား တစ်ခုတည်းသော ထုံးဖွဲ့မှု၊ နှစ်ဦးကို တစ်ခုတည်းသော သဘောသဘာဝနှင့်အတူ အသက်တစ်ခုတည်း ရှိခြင်းအားဖြင့် တစ်ခုတည်းသော အသက်ရှင်ခြင်း ရှိစေရန် ဖြစ်သည် - ဗျာ၂၂း၁၇။

E. ကိုယ်တော်၏လူ့ဇာတိခံခြင်း၌ ခရစ်တော်သည် ဘုရားသခင်ကို လူအထဲသို့ ခေါ်ဆောင်လာပြီး၊ ရှင်ပြန်ထမြောက်ခြင်း၌ လူကို ဘုရားသခင်အထဲသို့ ခေါ်ဆောင်တော်မူခဲ့သည်။ ဤသို့အားဖြင့်၊ ကိုယ်တော်သည် ဘုရားသခင်နှင့်လူအား တစ်ခုတည်းအဖြစ်သို့ ရောနှောပေါင်းစည်းခြင်းကို ပြီးမြောက်စေခဲ့သည် - ရော၈း၃။ ၁း၃-၄။

1. ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိကြပြီး၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ ရှိသည်။ ကိုယ်တော်နှင့် ကျွန်ုပ်တို့သည် ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်လာကြသည် - ၁ကော၁၂း၁၂။
2. ခရစ်တော်သည် ကျွန်ုပ်တို့ဖြစ်လာပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော်ဖြစ်လာကြသည် - ဖေ၁၂း၁၃-၁၁။

**II. ဘုရားသခင်က လူနှင့်အတူ ရရှိလိုသည့် ဆက်နွယ်မှုမှာ ကိုယ်တော်နှင့်လူသည် အတူတကွ ကိုင်းဆက်ခံရပြီး၊ ထိုသို့ဖြင့် အသက်ဆိုင်ရာပေါင်းစည်းခြင်း၌ တစ်ခုတည်းဖြစ်လာရန် ဖြစ်သည် - ရော၆း၃-၅။ ယော၁၅း၄-၅။**

A. ကိုင်းဆက်ခံရသောအသက်တာသည် အလဲအလှယ်လုပ်သည့် အသက်တာမဟုတ်ပါ - ၎င်းသည် လူသားအသက်နှင့် ဘုရားဆိုင်ရာအသက် ရောနှောပေါင်းစည်းခြင်း ဖြစ်သည် - ၁ကော၆း၁၇။

B. ကိုင်းဆက်ခြင်း၌ တူညီသောအသက်နှစ်ခုသည် ပေါင်းစည်းဆက်နွယ်ကာ၊ အသက်ဆိုင်ရာ အတူတကွ ကြီးထွားလာကြသည် - ရော၁၁း၂၄။

1. ကျွန်ုပ်တို့၏လူသားအသက်တာသည် ဘုရားသခင်၏ ပုံသဏ္ဌာန်တော်၌၊ ဘုရားသခင်နှင့် တစ်ညီတစ်သဏ္ဌာန်တည်း ပြုလုပ်ခံရသောကြောင့်၊ ၎င်းသည် ဘုရားဆိုင်ရာအသက်ကို ပေါင်းစည်းဆက်နွယ်နိုင်သည် - က၁း၂၆။
2. ကျွန်ုပ်တို့၏လူသားအသက်သည် ဘုရားဆိုင်ရာအသက်နှင့် တူညီမှုရှိသည်။ ထို့ကြောင့် ဘုရားဆိုင်ရာအသက်နှင့် လူသားအသက်သည် အတူတကွ ကိုင်းဆက်ခံရနိုင်ပြီး၊ အတူတကွ အသက်ရှင်နိုင်ကြသည်။

C. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရရန် အလို့ငှာ ကိုယ်တော်သည် လူ့ဇာတိခံခြင်း၊ ကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်တို့ကို ဖြတ်ကျော်၍၊ အသက်ပေးသောဝိညာဉ်တော် ဖြစ်လာရမည်ဖြစ်သည် - ယော၁း၁၄။ ၁ကော၂း၂။ ၁၅း၄၅။

D. ကျွန်ုပ်တို့သည် အသက်ပင်ဖြစ်သော ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရပြီးဖြစ်ပြီး၊ ဤကိုင်းဆက်ခြင်းသည် ကျွန်ုပ်တို့ကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်စေသည် - ရော၁၁း၂၄။

1. ခရစ်တော်နှင့် ယုံကြည်သူများသည် အပင်တစ်ပင်တည်း ဖြစ်ကြသည်။ ကိုယ်တော်သည် စပျစ်နွယ်ပင်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အကိုင်းအခက်များဖြစ်ကြသည် - ယော၊၁၅း၁၊ ၅က။ ၄က။
2. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်၊ သဘောသဘာဝနှင့် ပုဂ္ဂိုလ်ဖြစ်လာသည် - ကော၊၃း၄၊ ၁၀-၁၁။ ဧ၊၃း၁၇က။

E. ခရစ်တော်အထဲသို့ကိုင်းဆက်ခံရပြီးသော အသစ်မွေးဖွားခံရသူများအဖြစ် ကျွန်ုပ်တို့သည် ကိုင်းဆက်ခံရသောအသက်တာ၊ အုပ်စုနှစ်ခုသည် ပေါင်းစည်းဆက်နွယ်၍ အသက်ဆိုင်ရာ ကြီးထွားခြင်းရှိသည့် အသက်တာကို အသက်ရှင်သင့်ပေသည်။
   1. ကျွန်ုပ်တို့သည် ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရပြီးဖြစ်သည့်အလျောက် မိမိတို့ကိုယ်တိုင်အားဖြင့် အသက်မရှင်သင့်တော့ပါ။ ထိုအစား ကျွန်ုပ်တို့သည် နျူမက်တစ်ခရစ်တော်ကို ကျွန်ုပ်တို့၌ အသက်ရှင်စေရန် အခွင့်ပေးသင့်ပါသည် - ဂလ၊၂း၂၀။
   2. ကျွန်ုပ်တို့သည် မိမိတို့အသွေးအသားအားဖြင့် သို့မဟုတ် မိမိတို့ဇာတိဖြစ်ခြင်းအားဖြင့် အသက်မရှင်သင့်တော့ပါ။ ကျွန်ုပ်တို့သည် ရောနှောပေါင်းစည်းထားသည့် ဝိညာဉ် - ဘုရားဆိုင်ရာဝိညာဉ်တော်သည် အသစ်မွေးဖွားခံရသည့် လူသားဝိညာဉ်နှင့်အတူ ရောနှောပေါင်းစည်းခြင်း - အားဖြင့် ကိုင်းဆက်ခံရသည့်အသက်တာကို အသက်ရှင်သင့်ပါသည် - ၁ကော၊၆း၁၇။ ရော၊၈း၄။

F. ကိုင်းဆက်ခံရသောအသက်တာ၌ လူသားအသက်တာသည် အဆုံးသတ်သွားခြင်း မဟုတ်ဘဲ၊ ဘုရားဆိုင်ရာအသက်အားဖြင့် ခွန်အားပေးခြင်း၊ မြှင့်တင်ခြင်း၊ ကြွယ်ဝစေခြင်း ခံရခြင်းဖြစ်သည် - ဂလ၊၂း၂၀။ ၄း၁၉။ ဧ၊၃း၁၆-၁၇က။
   1. ကိုင်းဆက်ခံရသောအသက်တာ၌ အကိုင်းအခက်သည် မိမိ၏တူညီသော အနှစ်သာရ ဝိသေသလက္ခဏာကို ထိန်းသိမ်းထားသော်လည်း၊ ပို၍မြင့်မားသောအသက်အထဲသို့ ကိုင်းဆက်ခံရခြင်းအားဖြင့် ပို၍ ခွန်အားဖြည့်ပေးခြင်း၊ မြှင့်တင်ခြင်း၊ ပုံသဏ္ဍာန်လဲခြင်း ခံရခြင်း ဖြစ်သည် - ယော၊၁၅း၄-၅။ ရော၊၁၁း၁၇။
   2. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားဆိုင်ရာအသက်သည် ကျွန်ုပ်တို့အတွင်း၌ အနုတ်လက္ခဏာဆောင်သော ဒြပ်သဘာဝများကို ဖယ်ထုတ်ရန် လုပ်ဆောင်နေသည်။
      a. ဘုရားဆိုင်ရာအသက်သည် ဇာတိဆိုင်ရာမှန်သမျှကို တဖြည်းဖြည်းချင်း နည်းလမ်း၌ အဆုံးသတ်ရန် လုပ်ဆောင်နေသည်။
      b. ဘုရားဆိုင်ရာအသက်သည် ကျွန်ုပ်တို့၏ ချွတ်ယွင်းချက်များနှင့် ချည့်နဲ့ခြင်းများကို ဝါးမျိုလိုက်သည်။
      c. ကျွန်ုပ်တို့ ပင်ကိုစိတ်၏ အနုတ်လက္ခဏာဆောင်သော ဒြပ်သဘာဝသည် သေစေခြင်းခံရပြီး၊ ထိုနောက် ကျွန်ုပ်တို့၏ပင်ကိုစိတ်ကို ဖယ်ရှားလိုက်မည့်အစား သခင်ဘုရားသည် ၎င်းကို မြှင့်တင်ကာ၊ အသုံးပြုသည်။
   3. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားဆိုင်ရာအသက်သည် ဘုရားသခင်၏ မူလဖန်ဆင်းခြင်းကို ရှင်ပြန်ထမြောက်စေပြီး၊ ကျွန်ုပ်တို့၏စွမ်းဆောင်ရည်များကို မြှင့်တင်ပေးသည် - ယော၊၁၁း၂၅။ ဧ၊၄း၂၃။
      a. ဘုရားဆိုင်ရာအသက်သည် အနုတ်လက္ခဏာအရာများကို ဖယ်ထုတ်လျက်ရှိစဉ်၊ ၎င်းသည် ဘုရားသခင်၏မူလဖန်ဆင်းခြင်းကို ရှင်ပြန်ထမြောက်စေရန် လုပ်ဆောင်သည်။
      b. ဤနည်းလမ်း၌ ကျွန်ုပ်တို့၏မူလ လုပ်ဆောင်ချက်များ - ဖန်ဆင်းခြင်း၌ ကျွန်ုပ်တို့ထံပေးခဲ့သော လုပ်ဆောင်ချက်များ - သည် ပြန်လည်ရယူခြင်း၊ ခွန်အားဖြည့်ပေးခြင်း၊ မြှင့်တင်ခြင်း ခံရသည် - ဂလ၊၂း၂၀။
   4. ကိုင်းဆက်ခံရသောအသက်တာ၌ ဘုရားဆိုင်ရာအသက်သည် ခရစ်တော်၏ကြွယ်ဝခြင်းများကို ကျွန်ုပ်တို့၏အတွင်းအစိတ်အပိုင်းများသို့ မစပေးပြီး၊ ကျွန်ုပ်တို့၏ဖြစ်ခြင်းတစ်ခုလုံးကို ပျော်ဝင်ပြည့်ဝစေသည် - ရော၊၁၂း၂။ ၈း၂၉-၃၀။

**III. အသက်ပင်ဖြစ်သော ခရစ်တော်သည် ကျွန်ုပ်တို့ထံ အသက်ဖြစ်သော ဘုရားသခင်၏ကိုယ်ထင်ရှားခြင်းဖြစ်ကာ၊ ခရစ်တော်အထဲသို့ ကိုင်းဆက်ခံရကြခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်ထံသို့ အသက်ဆိုင်ရာ ပေါင်းစည်းခြင်းရှိကာ၊ ကျွန်ုပ်တို့သည် အသက်ပင်၏ အစိတ်အပိုင်း ဖြစ်လာကြသည် - ကော၊၂း၉။ ယော၊၁၅း၁၊ ၄-၅။**

A. ကျွန်ုပ်တို့သည် ခရစ်တော်ကို အသက်ပင်အဖြစ် စားသုံးခြင်းမျှသာ မဟုတ်ပါ - ကျွန်ုပ်တို့သည် ကိုယ်တော်ထံ ပေါင်းစည်းကာ၊ ကိုယ်တော်၏အစိတ်အပိုင်းဖြစ်ကြသည် - ၁ကော၊၆း၁၇။

B. အသက်ပင်သည် ဘုရားဆိုင်ရာအသက်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးခြင်းအတွက် ဖြစ်သည်။ အကိုင်းအခက်များဖြစ်သော ကျွန်ုပ်တို့သည် စပျစ်နွယ်ပင်၌ တည်နေကြပြီး၊ အသက်ပင်မှ အသက်၏ဝေငှဖြန့်ဖြူးခြင်းကို လက်ခံရရှိကြကာ၊ အသက်ပင်၏ အစိတ်အပိုင်းအဖြစ် အသက်ရှင်ကြသည် - ယော၊၁၅း၅။ ရော၊၈း၂၊ ၁၀၊ ၆၊ ၁၁။ ဧဖက်၊ ၄း၁၃။

C. အသက်ပင်ဖြစ်သော ခရစ်တော်သည် မိမိကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးရန်ဖြစ်သော ဘုရားဆိုင်ရာ စီမံကိန်းအတွက်ဖြစ်သည်။ စပျစ်နွယ်ပင်၏အကိုင်းအခက်များဖြစ်သည့် ကျွန်ုပ်တို့သည် ကိုယ်တော်၌ တည်ကြကာ၊ ကိုယ်တော်သည် ကျွန်ုပ်တို့၌ တည်နေကြသည်။

D. စပျစ်နွယ်ပင်၌ ကျွန်ုပ်တို့တည်ကြသောအခါ ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်၏ ဝေငှဖြန့်ဖြူးခြင်း၊ အသက်ပင်မှ အကိုင်းအခက်များအထဲသို့ အသက်ကို ဝေငှဖြန့်ဖြူးခြင်း ရှိနေသည်။ ဤဝေငှဖြန့်ဖြူးခြင်းသည် ကျွန်ုပ်တို့ကို ဘုရား-လူများ ဖြစ်စေသည် - ရော၊၈း၁၀၊ ၆၊ ၁၁။

E. စပျစ်နွယ်ပင်ဖြစ်သော ခရစ်တော်၌ တည်နေခြင်းမှာ ကိုယ်တော်ကို ကျွန်ုပ်တို့၏ ကိန်းဝပ်ရာနေရာအဖြစ် ယူဆောင်ခြင်းဖြစ်ပြီး၊ ယင်းသည် ဘုရားသခင်ကို အမြင့်မားဆုံး၊ အပြည့်ဝဆုံး တွေ့ကြုံခံစားခြင်း ဖြစ်သည်။ ခရစ်တော်၌ တည်နေခြင်းမှာ ခရစ်တော်၌ ကျွန်ုပ်တို့အသက်ရှင်ခြင်း၊ ကိုယ်တော်ကို ကျွန်ုပ်တို့၏အရာခပ်သိမ်းအဖြစ် ယူဆောင်ခြင်း ဖြစ်သည် - ဆာ၊ ၉၀း၁။ ၉၁း၁၊ ၉။

F. ကျွန်ုပ်တို့သည် အသက်ပင်၏ အစိတ်အပိုင်းအဖြစ် အသက်ရှင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ကောင်းခြင်းနှင့် မကောင်းခြင်းကို ဂရုစိုက်မည်မဟုတ်ဘဲ၊ အသက်ကို ဂရုစိုက်မည်ဖြစ်ကာ၊ အကြောင်းကိစ္စများကို အမှန်နှင့်အမှားအတိုင်း ပိုင်းခြားသိမြင်ခြင်းမဟုတ်ဘဲ၊ အသက်နှင့် သေခြင်းအတိုင်း ပိုင်းခြားသိမြင်လိမ့်မည် ဖြစ်သည် - က၊၂း၉၊၁၆-၁၇။ ၂ကော၊၁၁း၃။

© 2022 Living Stream Ministry